# မြန်မာဆွေမျိုးစပ်ဝေါဟာရများကို
# အတ္ထဗေဒ၊လူမှုဘာသာဗေဒအမြင်တို့ဖြင့်လေ့လာခြင်း

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

ခင်မြတ်သွယ်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ

## ကျမ်းအကျဉ်းချုပ်

မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများကို အတ္ထဗေဒအမြင်၊ လူမှုရေးဘာသာဗေဒအမြင်ဖြင့် လေ့လာရာတွင် အခန်းကြီး(၃)ခန်းခွဲ၍ လေ့လာတင်ပြထားပါသည်။ အခန်း(၁) မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများနှင့် ဆွေမျိုးစနစ်ဟူသော ခေါင်းစဉ်ကြီးအောက်တွင် ဆွေမျိုး၏အဓိပ္ပာယ်ကို မြန်မာ့အဘိဓာန်များ ဖွင့်ဆိုချက် နှင့်အတူ မနုဿဗေဒပညာရှင်များ၏ ဖွင့်ဆိုချက်များကိုပါ နှိုင်းယှဉ်၍ ဖွင့်ဆိုထားပါသည်။ ဆွေမျိုးစပ်စနစ် ဖြစ်တည်ပုံကို ဖော်ပြရာတွင် မနုဿဗေဒပညာရှင်တို့အမြင်၊ ဘာသာဗေဒပညာရှင်တို့၏ အမြင်တို့ကို ဖော်ပြထားပြီး မြန်မာ့ဆွေမျိုးစပ်စနစ်ကို ထောင်လိုက်နှင့် အလျားလိုက် ခွဲခြားပြီး တင်ပြထားပါသည်။ အခန်း(၂) မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများနှင့် အတ္ထဗေဒအမြင်ဟူသော ခေါင်းစဉ်ကြီးအောက်တွင် အတ္ထဗေဒအမြင် မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများနှင့် အနက်အဓိပ္ပာယ်၊ မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများနှင့် အနက်ရိုး၊ ဂယက်အနက် (၅)မျိုး၊ အလေးပေးအနက်ဟူ၍ ကဏ္ဍများခွဲပြီး လေ့လာတင်ပြထားပါသည်။ အခန်း(၃) မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများနှင့် လူမှုဘာသာဗေဒအမြင်ဟူသော ခေါင်းစဉ်ကြီးအောက်တွင် လူမှုဘာသာဗေဒအမြင်၊ ဆွေမျိုးစပ်ဝေါဟာရများကို အခြေခံမိသားစု၊ တိုးချဲ့မိသားစု၊ ထပ်တိုးမိသားစုဟူ၍ ကဏ္ဍ(၃)ခုခွဲ၍ဖော်ပြပုံ၊ မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများကို ကဏ္ဍ(၁)ခုချင်းတွင် ပါဝင်သော ဥပစာတင်စားပုံများ၊ ဗန်းစကားအဖြစ် တင်စားပုံများဟူ၍ အသေးစိတ်လေ့လာပြထားပါသည်။ ခြုံငုံသုံးသပ်ချက် အပိုင်းတွင် တစ်ခန်းချင်း၌ တွေ့ရှိရသော ထူးခြားချက်များကို သုံးသပ်ပြထားပါသည်။